ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့
(၁၄. ၇. ၂၀၁၆)ရက်နေ့တွင် နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်
ဦးအေးမောင် တင်သွင်းသည့် အရေးကြီးအဆိုဆိုင်ရာဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၅)ဖြစ်ပါတယ်။ နမ့်ခမ်း မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်က အဆိုတစ်ရပ်အား လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုမှာ လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိ ဒုက္ခ ရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခအသွင် သဏ္ဌာန်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ယခု ဦးအေးမောင်က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကာယသုခ၊ စိတ္တ သုခ၊ နှစ်ဖြာသောသုခဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် လတ်တလောဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ ပြည်သူများ အတိဒုက္ခ ရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအားတိုက်တွန်းကြောင်း အရေးကြီးအဆို တစ်ရပ်ကို တင်သွင်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲ ဒေသ၊ နမ့်ဆန်ဒေသ၊ မန်တုံဒေသ၊ မိုးမိတ်၊ မုံးဝီး၊ နမ့်ခမ်းဒေသ၊ ကွတ်ခိုင် ဒေသ၊ နမ့်ဖတ်ကာဒေသတွင် တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းအကြား မကြာခဏထိတွေ့တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ နှစ်ဖက်စလုံး ထိခိုက်သေကြေဆုံးရှုံးမှုများ များပြားလျက်ရှိပါတယ်။

စစ်ပွဲကြောင့် အပြစ်မဲ့ပြည်သူများ၊ စာသင်ကျောင်းများ၊ နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများ၊ ဘုန်းကြီး ကျောင်းများ ထိခိုက် မီးလောင်ပျက်စီးဆုံးရှုံးမှုရှိခြင်း၊ အိမ်မွေး တိရစ္ဆာန်များ သေကြေပျက်စီးခြင်း များရှိပါတယ်။ စစ်ပွဲကြောင့် အပြစ်မဲ့ပြည်သူများ နေရပ်စွန့်ခွာတိမ်းရှောင်နေရပြီး၊ ကျောင်းနေအရွယ် ကလေးသူငယ်များလည်းကျောင်း စာသင်ခန်းထဲတွင် ယနေ့အထိ မဝင်ရောက်နိုင်ခြင်းကြောင့် ပညာရေး အဟောသိကံဖြစ်နေရပါတယ်။

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလမှ ယနေ့အထိ တိုက်ပွဲပေါင်း အကြိမ်(၄၀)ထက်မနည်း ဖြစ်ပွားပြီး ကျောက်မဲ၊ မိုးမိတ်၊ မန်တုံ၊ မုံးဝီး၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့ပေါ်တွင် စစ်ဘေးရှောင်ပြည်သူ (၄၀၀၀)ကျော်ခန့် ရှိနေပါတယ်။ လက်ရှိ နမ့်ခမ်းဒေသမှာဆိုလျှင်တိုက်ပွဲများ မကြာခဏဖြစ်ပွားလျက်ရှိသည့်အပြင် အပြစ်မဲ့ ပြည်သူများကို ဖမ်းဆီးရိုက်နှက် ခြင်း၊ သတ်ဖြတ်ခြင်းများစသည့် အခြေအနေတွေ ဆိုးရွားလျက်ရှိပါ တယ်။ ၅-၆-၂၀၁၆ ရက်နေ့မှာ နမ့်ခမ်းမြို့အနီး ဖဒဲန်ကျေးရွာအထက်တွင် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လူ(၇)ဦး နှင့် ကားတစ်စီးကို ဖမ်းဆီးခေါ်ဆောင်သွားကာ ယနေ့အထိ ပြန်လည်လွတ်မြောက်လာခြင်း မရှိသေးတာကို တွေ့ရှိရပါတယ်။ ဖမ်းဆီးသွားသော စာရင်းများအရ

- ဦးစိုင်းကျော်မြင့်၊ အသက် ၃၅ နှစ်၊ကောက်ကွတ်ရွာ။
- ဦးစိုင်းလှခိုင်၊ အသက် ၂၅ နှစ်၊ ကွန်ဟိုင်းကျေးရွာ။
- ဦးစိုင်းယီဆိုင်မိန်း၊ အသက် ၂၉ နှစ်၊ နမ့်တီးရွာ။

ကျန်သော အမည်စာရင်းများလည်းရှိပါတယ်။

၄-၆-၂၀၁၆ ရက်နေ့မှာလည်း မာန်အောင်ရွာသား(၂) ယောက်ဖြစ်သည့် မိုင်းညီဇာဝင်း၊ အသက် ၃၃ နှစ်၊ မိုင်းအပုတ်၊ အသက် ၃၄ နှစ်၊ (၂) ယောက်ကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လယ်တောမှာ သတ်ဖြတ်ပြီးပစ်ထားခဲ့တာကို တွေ့ရပါတယ်။ ၁-၇-၂၀၁၆ ရက်နေ့မှာလည်း ကုန်းဆာကျေးရွာနေ ပန်းဒကာဖြစ်သည့် မိုင်းအယိုင်ဆိုင်ဝင်း၊ အသက် ၂၄ နှစ်ကို လက်နက်ကိုင် အဖွဲ့တစ်ဖွဲ့က ဖမ်းဆီးသွားပြီး ယနေ့ထိ ပြန်မလာသေးပါ။ ၂-၆-၂၀၁၆ ရက်နေ့ တွင် ကြူဆိုင်းရွာနေ မိုင်းလူမ်အောင်ကြည် အသက် ၂၅ နှစ်သည် မိုင်းနင်းပြီး သေဆုံးခဲ့ပါတယ်။ ထို့အတူ ၁၃-၇-၂၀၁၆ စိုင်းဆန်ခေး (ခ) စိုင်းမောင်လှိုင် နမ့်ခမ်းမြို့ ဈေးအနားတွင် သေနတ်ဒဏ်ရာနှင့် သေဆုံးသွားတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အမည်မသိလူတစ်စုက လူမျိုးရေးအချင်းချင်း ပဋိပက္ခဖြစ်ပွားစေသည့် ဝါဒဖြန့်စာကို ၄-၇-၂၀၁၆ ရက်နေ့တွင် နံနက်ဝေလီဝေလင်းအချိန်တွင် နမ့်ခမ်းမြို့မဈေးတွင် လိုက်လံဖြန့်ဝေနေကြောင်း သိရှိရပါတယ်။ ၎င်းလိုက်လံ ဖြန့်ဝေသည့်စာကို ရရှိပြီးဖြစ်ပါတယ်။ ဒါကိုကြည့်ချင်းအားဖြင့် လက်နက်ကိုင် အချင်းချင်းပဋိပက္ခ ဖြစ်ပွားရာမှ လူမျိုးရေး ပဋိပက္ခဖြစ်အောင် လှုံ့ဆော်သည့်သဘောဖြစ်ပါတယ်။ နိုင်ငံတော်၏ အရေးသုံးပါး ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုသည့် အရေးတစ်ပါးကိုထိခိုက်စေနိုင်တာလည်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ သည် ဆင်းသက်ပုံချင်း စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း များ၊ မတူကွဲပြားသော်ငြားလည်း တူညီတာတစ်ခုကတော့ ရှေးပဝေသဏီကတည်းက တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်သည့် အေးအတူပူအမျှ ဥမကွဲ သိုက်မပျက်၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စည်းလုံးစွာနေထိုင်ခဲ့ကြသည့် သွေးသောက်ညီရင်း အစ်ကိုတွေပဲဖြစ်ပါတယ်။ နယ်ချဲ့ကို အတူတကွလက်တွဲပြီး တွန်းလှန်ခဲ့ကြသလို လွတ်လပ်ရေး၏ ရေသောက်မြစ်ဖြစ်သည့် ပင်လုံ စာချုပ်ကိုလည်း အတူတကွ လက်မှတ်ရေးထိုးခဲ့သည့် ညီအစ်ကို တွေပဲဖြစ်ပါတယ်။ နှစ်ပေါင်းများစွာရှိနှင့်ပြီးဖြစ်သည့် ညီညွတ်မှုကို တခဏအချိန်အတွင်း မပျက်ပြားစေချင်ပါ။

ဒါကြောင့် လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဖြစ်ပွားနေသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်းတို့အပေါ် ရှမ်းပြည်နယ် လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား အရေးကြီးကိစ္စတစ်ရပ်အဖြစ် သဘောထားကာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အရေးကြီး အဆိုတစ်ရပ်အဖြစ် တင်သွင်းအပ် ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့်ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးအောင်ထွဏ်း၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွဏ်းဖြစ်ပါတယ်။ ကျွန်တော်အနေဖြင့် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်းပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင် ဆောင်နေခြင်းတို့အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှ တစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း အရေးကြီး အဆိုတစ်ရပ်ကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။လွန်ခဲ့သော ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး ရှမ်း(မြောက်)ဒေသမှာဖြစ်သည့်ကျောက်မဲမြို့နယ်၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ နမ့်ဆန်၊ မန်တုံဒေသ၊

မိုးမိတ်ဒေသ၊ နမ့်ခမ်းဒေသ၊ ကွတ်ခိုင်ဒေသတို့တွင် စစ်ပွဲကြောင့် လူထုများ အတိဒုက္ခရောက် ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်းတို့အပေါ် ရှမ်းပြည်နယ်အစိုးရအနေဖြင့် လျစ်လျူရှုမထားဘဲ ဖြေရှင်း ဆောင်ရွက်ပေးနိုင်ဖို့အတွက် လွှတ်တော်မှတစ်ဆင့်အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်းတင်ပြပါတယ်။ ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**သို့မဟုတ်**

**အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"လတ်တလော ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ ပြည်သူများ အတိ ဒုက္ခရောက်ကြခြင်း၊ ဘဝလုံခြုံမှု မရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခအသွင်သဏ္ဍာန်ဆောင် နေခြင်းတို့အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုဖြစ် ပါတယ်။ ယခု အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒကိုရယူပါမယ်။ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။**
**လွှတ်တော်က သဘောတူပါသည်။)**

အဆိုကို လက်ခံ ဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ်ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့်ကိုယ်စားလှယ်မရှိသည့်အတွက် ဦးအေးမောင်၏ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

အဆိုကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ သောကြာ နေ့မှာဆွေးနွေးပါမယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ပြည်နယ်လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်း ဖို့ဖြစ်ပါတယ်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့
(၁၅. ၇. ၂၀၁၆)ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)၏ **"လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခ ရောက်ကြခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော် မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် (၂) ဦးက ဆွေးနွေးရန် အမည်စာရင်းပေးသွင်းထားပါတယ်။ ပထမဦးစွာ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဦးသိန်းဇော်က အဆိုက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းဇော်၊ မန်တုံမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်၏ **"လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင်အချင်းချင်း ပဋိပက္ခကြောင့် အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်း နှင့် လူမျိုးရေး ပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ် လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အား တိုက်တွန်းကြောင်း"**အရေးကြီး အဆိုနှင့်ပတ်သက်၍ ဆွေးနွေးခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံ မြို့နယ်မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ဖြစ်ပါ တယ်။ ဒီကနေ့ ကျွန်တော့် အနေဖြင့် လတ်တလော ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသများတွင် ဖြစ်ပွားလျက်ရှိသည့် လက်နက်ကိုင် ပဋိပက္ခကြောင့်၊ အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းနှင့် လူမျိုးရေးပဋိပက္ခ အသွင်ဆောင်နေခြင်းအပေါ် ရှမ်းပြည်နယ်လွှတ်တော်မှတစ်ဆင့် ရှမ်းပြည်နယ်အစိုးရ အားတိုက်တွန်းကြောင်း နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်၏ အဆိုကို ထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့ သည့် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစပြီး ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲဒေသ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (နမ့်ဆန်၊ မန်တုံ၊ နမ့်ခမ်း ဒေသ)၊ ကွတ်ခိုင်ဒေသ၊ နမ္မတူဒေသနှင့် သီပေါဒေသ တော်တော်များများမှာ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း ပဋိပက္ခဖြစ်ပွားလျက်ရှိကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ၃၀-၆-၂၀၁၆ ရက်နေ့က ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မန်တုံမြို့နယ်ရှိ ဒေသခံပြည်သူများ တင်ပြချက်အရ အပြစ်မဲ့ ပြည်သူများအား ဖမ်းဆီးရိုက်နှက်ခြင်းများ တားမြစ်ပေးပါရန် မိမိထံစာရေး တင်ပြထားပါတယ်။ ၎င်းတို့တင်ပြလိုသည့်ကိစ္စမှာ ဒေသခံ ပြည်သူများ အသုံးပြုသွားလာနေသည့် နမ္မတူ-မိုင်းမော်-မိုင်းဝီး လမ်းမကြီးကို ၅-၆-၂၀၁၆ ရက်နေ့မှစ၍ လက်နက်ကိုင်လူတစ်စု၏ ခရီးသွားမိဘ ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဖြတ်သန်း သွားလာမှုများကို ရပ်တန့်စစ်ဆေးမှုခံရပါတယ်။ အကယ်၍ မသင်္ကာမှုများရှိပါကဖမ်းဆီးခံရခြင်း၊ ရိုက်နှက်မှုခံရခြင်း၊ သတ်ဖြတ်မှု ခံရခြင်းတို့နှင့် အခက်ခဲမျိုးစုံ ရင်ဆိုင်တွေ့ကြုံနေရပါတယ်။

၎င်းလက်နက်ကိုင်လူတစ်စု၏ ဖမ်းဆီးခံရသူ (၅၈) ဦးရှိပြီး ၁၇-၆-၂၀၁၆ ရက်နေ့အထိ (၃၇)ဦး ပြန်လည် လွတ်မြောက်လာပြီး ကျန်(၂၁) ဦးမှာ ယနေ့ထိ လွတ်မြောက်လာခြင်းမရှိသေးပါ။ ၎င်း (၂၁)ဦးမှာ

လီဆူတိုင်းရင်းသား (၁၀) ဦး၊ ပလောင်တိုင်းရင်းသား (၈) ဦးနှင့် ကချင်တိုင်းရင်းသား (၃) ဦးတို့ဖြစ်ကြပါတယ်။ မည်သို့ပင်ဆိုစေကာမူ လက်နက်ကိုင်အချင်းချင်း တိုက်ခိုက်ခြင်းဟာ မဆန်းပေမယ့် ယခုလို လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ၊ ဒေသခံ ပြည်သူများအားလုံး အများအသုံးပြုသည့်လမ်းမကြီးကို အနှောင့် အယှက်ပြုခြင်း၊ ပိတ်ပင်တားဆီးခြင်းတို့ကို မပြုလုပ်သင့်ပါ။ ဒါကြောင့် ဘယ်အဖွဲ့အစည်း၊ ဘယ်လက်နက်ကိုင်အဖွဲ့ကိုမဆို ယခုလိုပြုမူဆက်ဆံကျင့်သုံးသည့် လမ်းစဉ်မှာ အင်မတန် အရုပ်ဆိုးအကျည်းတန်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁၉ အရ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်သည်ဟု ဖော်ပြပါရှိပါတယ်။ ယခုပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ မန်တုံမြို့နယ်၊ မိုင်းမော်ဒေသတွင် ၈-၇-၂၀၁၆ ရက်နေ့က စပြီး နောက်ထပ်တစ်ဖန် ပြင်းပြင်းထန်ထန်တိုက်ပွဲဖြစ်ခဲ့ပါတယ်။ တိုက်ပွဲများဖြစ်ပွားပါက ဒေသခံပြည်သူများ နေရပ်ကိုစွန့်ခွာပြီး ထွက်ပြေးတိမ်းရှောင်၊ စစ်ဘေးရှောင်ဒုက္ခသည်များအား နီးစပ်ရာ နမ္မတူမြို့သို့ အလုံးအရင်းလာရောက် ပုန်းအောင်းမှီခိုခဲ့ပါတယ်။ ၈-၇-၂၀၁၆ ရက်နေ့ စစ်ဘေးထွက်ပြေးလာသူ (၁၃၅) ဦး၊ ၉-၇-၂၀၁၆ ရက်နေ့ (၅၀) ဦး၊ ၁၀-၇-၂၀၁၆ ရက်နေ့ (၃၆) ဦး၊ ၁၁-၇-၂၀၁၆ ရက်နေ့ (၇၅)ဦး၊ ၁၂-၇-၂၀၁၆ ရက်နေ့ ညနေ ၆ နာရီ အချိန်အထိ စစ်ဘေးရှောင်ဒုက္ခသည် စုစုပေါင်း အိမ်ခြေ (၉၂) အိမ်၊ ကျား (၁၇၈) ဦး၊ မ(၁၉၇) ဦး စုစုပေါင်း (၃၇၅) ဦးကို နမ္မတူမြို့ ရွှေမြင်သာ ဘုန်းတော်ကြီးကျောင်းနှင့် လီဆူဘုရား ရှိခိုးကျောင်းတို့မှာ စစ်ရှောင် ဒုက္ခသည် စခန်းဖွင့်လှစ်ထားကြောင်း သိရှိရပါတယ်။ ထိုနည်းတူစွာပဲ သက်ဆိုင်ရာ နမ္မတူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မန်တုံမြို့နယ်အုပ်ချုပ်ရေးမှူးတို့အား သက်ဆိုင်ရာ အစရ (ရှမ်း)၊ကအဒ(ပလောင်)၊ ပအရ (တောင်ကြီး)၊ ဒုပအရ (လားရှိုး)နှင့် ခရအ (ကျောက်မဲ)သို့ ထူးခြားဖြစ်စဉ်များ အချိန်နှင့် တစ်ပြေးညီ ကြေးနန်းဖြင့်ပေးပို့ခဲ့ပါတယ်။

"ကျွဲနှစ်ကောင်ခတ်ရင် ကြားကမြေစာပင်ခံကြရစမြဲ" ဆို သလိုပါပဲ စစ်ပွဲဖြစ်ပြီဆိုလျှင် နှစ်ဖက်စလုံးက အမြတ်မရှိဘဲအရှုံး ကီးသာရင်ဆိုင်နေရပါတယ်။ စစ်ပွဲကြာလေ၊ လူထုဒုက္ခရောက်လေ ပျက်စီးဆုံးရှုံးမှုများလေ ဒေသခံပြည်သူများ ဆင်းရဲတွင်းနက်လေ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ပိုမိုကွာဟလေဖြစ်ပါတယ်။ စစ်ပွဲကြောင့် အပြစ်မဲ့ ပြည်သူများ အတိဒုက္ခရောက်ကြရခြင်း၊ ကျောင်းနေအရွယ် ကလေးသူငယ်များ ကျောင်းပြန် မတက်နိုင်ခြင်းကြောင့် နောင်တစ်ချိန်မှာ အားကိုးရမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြုန်းတီး မှုဖြစ်ခြင်း၊ ဘုန်းကြီးကျောင်းများ၊ စာသင်ဆောင်များ၊ လူနေအိမ်များ မီးလောင်ပျက်စီးခြင်း၊ အိမ်မွေးတိရစ္ဆာန်များ သေကြေပျက်စီးခြင်းများကြောင့် နိုင်ငံတော်၏ဘဏ္ဍာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက် ရှိပါတယ်။

ယနေ့ခေတ်မှာ မြန်မာနိုင်ငံကို အခြားသောနိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ကြရမည့် အချိန်မှာ တိုင်းရင်းသား ညီအစ်ကိုများ ပဋိပက္ခဖြစ်နေကြတာဟာ အနုတ် လက္ခဏာဆောင်သည့် သဘောဖြစ်နေပါတယ်။ ဒါကြောင့် အပြစ်မဲ့ ပြည်သူများ၏ ဒုက္ခကိုမျှဝေခံစားသောအားဖြင့် လက်ရှိဖြစ်ပွား လျက်ရှိသော တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်းပဋိပက္ခကို ဖြေရှင်းနိုင်ရန်အတွက် လက်နက်နှင့် ဖြေရှင်း မည့်အစား စားပွဲဝိုင်းမှာ ညှိနှိုင်းအဖြေရှာနိုင်ဖို့ တာဝန်ရှိအစိုးရအဖွဲ့ အဆင့်ဆင့်မှ အလေးနက်ထား ဆောင်ရွက် ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးအေးမောင်၏ အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လောက်ကိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးအောင်သန်းထွန်းက အဆိုကို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သန်းထွန်း၊ လောက်ကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ် (၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တပ်မတော်သား ကိုယ်စားလှယ်များနှင့် တိုင်းရင်းသား ညီနောင်ကိုယ်စားလှယ်များ နှစ်ဖြာသုခနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ယခု ကျွန်တော်အနေဖြင့် သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းစမ်းစမ်းအေး

တင်ပြသွားသည့်အဆို၊ ဦးစိုင်းထွန်းညဏ် ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တင်ပြ သွားသည့်အဆို၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) ဦးအေးမောင် တင်ပြသွားသည့် အဆိုများနှင့်ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။

အားလုံးပဲ ကျွန်တော်၏ ကိုယ်ရေးရာဇဝင်မှာပေးပြီး ဖြစ်ထားသည့်အတိုင်းပဲ ကျွန်တော်ဟာ တပ်မတော်သား အငြိမ်းစားတစ်ယောက်ဖြစ်ပါတယ်။ ပြောရမည်ဆိုလျှင် ၁၉၇၄ ခုနှစ်မှစ၍ တပ်မတော်ထဲတွင် အနှစ် ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး မကြာသေးခင်မှ အငြိမ်းစားယူခဲ့သည့် စစ်သည်တော်တစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့်ညှိနှိုင်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ကျွန်တော်မီသလောက် ဆွေးနွေးရင်းနှင့် ထောက်ခံဆွေးနွေးသည့်အပိုင်းကို တင်ပြသွားမှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ရှမ်းပြည်နယ်တွင် တစ်ဆက်တည်း ကျွန်တော် အနှစ် ၂၀ ကျော် တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် တော်တော်များများမီပါတယ်။

၁၉၈၉ ခုနှစ် မတ်လ ၁၁ ရက်တွင် ပထမဦးဆုံး ကိုးကန့် အဖွဲ့မှ အထူးဒေသ-၁ ဆိုပြီး ငြိမ်းချမ်းရေးကို စတင်ချိန်မှစ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုစလာပါတယ်။ မတ်လ ၁၄ ရက်နေ့တွင် အထူးဒေသ၊ မိုင်းလားကနေပြီး ဒုတိယအကြိမ် ငြိမ်းချမ်းရေး လမ်းစဉ်ပေါ်ရောက်လာပါတယ်။ ဧပြီလ ၂၂ ရက်နေ့ တွင် “ ဝ ”သည်လည်း ဒီနှစ်ထဲမှာပဲ ငြိမ်းချမ်းရေးရောက်လာပါတယ်။ ဒါတွေကိုအကြောင်းပြုပြီး အထူးဒေသ ၃၊ အထူးဒေသ ၄ စသည်ဖြင့် ကချင်၊ SSA အထူး ၃ ငြိမ်းချမ်းရေး လမ်းစဉ်ပေါ် ရောက်လာပါတယ်။ ရောက်လာတဲ့အခါမှာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ပြန်စဉ်းစားလိုက် မည်ဆိုလျှင် အနှစ်(၂၀)၊ ၂၀၀၉- ၂၀၁၀ မပြည့်ခင်အထိ အနှစ် (၂၀) ကျော် အေးအေးချမ်းချမ်းနှင့် ရှမ်းပြည်နယ်ကြီး တိုးတက်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့ တချို့သော ငြိမ်းချမ်းရေး အဖွဲ့အစည်းထဲမှနေပြီး အကြောင်းကြောင်းကြောင့် ခွဲထွက်သွားသော ဒေသအချို့ကလွဲ၍ ယေဘုယျအားဖြင့် ရှမ်းပြည်နယ်ကြီး တိုးတက်လာတာကို ဘယ်သူမှငြင်းလို့မရပါဘူး။ ဒီရေစီးကြောင်းမှာ အားလုံးမျှော်ပြီးပါလာတာဖြစ်ပါတယ်။

အဲ့ဒီမှာ ဒီလိုနေကြရင်း ၂၀၀၉-၂၀၁၀ မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒီမိုကရေစီအစိုးရကို ပြောင်းလဲဖို့ နီးလာသည့်အခါမှာ အဲဒီအောက်မှာရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းတွေကို အားလုံး တစ်စုတစ်စည်းတည်းဖြစ်အောင် တချို့ကို PGS၊ တချို့ကို ပြည်သူ့ စစ်အသွင်နှင့် ကျွန်တော်တို့ လုပ်သည်အခါမှာ စိတ်သဘောထား ကွဲလွဲမှုလေးတွေရှိလာသည့်အတွက်ကြောင့် အစောကတင်ပြ ခဲ့သည့် ငြိမ်းချမ်းရေး လမ်းစဉ်ပေါ်တွင်ပါခဲ့သော အချို့အဖွဲ့များသည် PGS လုပ်ကြတယ်။ တချို့အဖွဲ့များက ပြည်သူ့စစ်လုပ်ကြတယ်။ တချို့အဖွဲ့များသည် နေရင်းအတိုင်းပဲ နေကြရင်းနှင့် ပဋိပက္ခအသွင်ဆောင်လာတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒါဟာတစ်ချက် ဘာလို့ ကျွန်တော်တင်ပြသလဲဆိုတာကို အဲ့ဒီငြိမ်းချမ်းရေးလမ်းစဉ်မှာ စာချုပ်ချုပ်ကြတယ်။ နိုင်ငံတော် အကြီးအကဲအနေဖြင့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်တွေနှင့် တပ်မတော်အကြီးအကဲတွေနှင့် စာချုပ်ချုပ်ကြတယ်။ ဒါကို သဘောတူညီပြီး အဖွဲ့အစည်းတိုင်းက အားလုံးလိုက်နာခဲ့လို့ ကျွန်တော်တို့ အနှစ် (၂၀) တောင် ငြိမ်းချမ်းရေးလုပ်ခဲ့တယ်ဆိုတာကို ငြိမ်းချမ်းစွာ အတူယှဉ်လက်တွဲနေထိုင်ခဲ့တယ်ဆိုတာကို သမိုင်းမှာ ဘယ်သူမှငြင်းလို့မရဘူးဖြစ်ပါတယ်။ ထိုနည်းတူပဲ ဒုတိယအကြိမ်မှာ ပဋိပက္ခအသွင်ဆောင်နေသည့် အနေအထားကနေပြီး အစိုးရသစ်မှာ ပြည်ထောင်စုစစ်ငြိမ်းချမ်းရေးဆိုပြီး တစ်ခါပြန်လုပ်လာ တာကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာလည်း ဒီတိုင်းပဲတိုင်းရင်းသားကိုယ်စားလှယ်တော်ကြီး တွေပါတယ်။ တိုင်းရင်းသားခေါင်းဆောင် တွေပါတယ်။ နိုင်ငံတော် အကြီးအကဲနှင့် နိုင်ငံခြားသံတမန်တွေပါတယ်။ သတင်းစာ အသီးသီးကနေပြီး ငြိမ်းချမ်းရေးအဖွဲ့အသီးသီးကိုမှတ်မိသလောက်

ဆိုလျှင် (၁၇) ဖွဲ့ စာချုပ်တွေလက်မှတ်ထိုးကြပါတယ်။ ငြိမ်းချမ်းရေးကို အားလုံးတက်ညီလက်ညီ စိတ်ပါဝင်စားစွာ လုပ်လာကြတာဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးပဲ တစ်ကယ်ပျော်ခဲ့ပါတယ်။ ကျွန်တော်တို့ အပါအဝင်ပျော်ခဲ့ပါတယ်။

အဲ့ဒီမှာပဲ တဖြည်းဖြည်းနှင့် အကြောင်းကြောင်းကြောင့် ယိုယွင်းလာပြီး ယနေ့အချိန်အထိဖြစ်လာတယ်လို့ပဲ တိုတိုနှင့်လိုရင်း တင်ပြလိုပါတယ်။ သို့သော်ပြည်ထောင်စုအဆင့်ချုပ်သည့်အထဲမှာ ကယား KNPP သည် ယနေ့အချိန်အထိသေနတ်သံမကြားရတာ (၅) နှစ်၊ (၆) နှစ် ရှိပါပြီ။ ကရင်ပြည်နယ် သေနတ်သံမကြားရတာ (၅) နှစ်၊ (၆) နှစ်လောက်ရှိပါပြီ။ ထိုနည်းတူ “ ဝ ” ဒေသ၊ မိုင်းလားဒေသ ပြဿနာ အနည်းငယ်လေးတွေရှိပါတယ်။ သို့သော် သေနတ်သံ မကြားရပါဘူး။ ဆိုလိုတာက သူတို့ ဘာလို့သေနတ်သံ မကြားရတာလဲ။ ရှမ်းပြည်နယ်တွင် ဘာလို့ သေနတ်သံတွေကြား နေရတာလဲဆိုတာသည် ဒီငြိမ်းချမ်းရေး လမ်းစဉ်မှာလိုက်နာမှုနှင့် မလိုက်နာမှု ဒါပဲကွာပါတယ်။ ပြည်ထောင်စုအဆင့်တွင် လက်မှတ်ရေးထိုးခဲ့ကြတာတွေ အားလုံးအတူတူပဲဖြစ်ပါတယ်။

ဒါကြောင့်လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးကို လွှတ်တော်ကနေပြီး အစိုးရအဖွဲ့မှနေပြီး မေတ္တာရပ်ခံလိုတာက ဘယ်လောက်ပဲစာချုပ်ကြီးတွေ လုပ်လုပ်လိုက်နာဖို့တော့လိုပါ တယ်။ ယခုလိုဖြစ်နေတာတွေ အားလုံးသည် လိုက်နာတဲ့လူတွေ၊ လိုက်နာတဲ့ ပြည်နယ်တွေမှာ ငြိမ်းချမ်းပြီး သေနတ်သံမကြားရဘူး။ မလိုက်နာဘဲ အကြောင်းကြောင်းကြောင့် အခက်အခဲတွေ ဖြစ်နေ သည့် ပြည်နယ်တွေမှာတော့ ဒီလိုပဲခံစားနေရပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ အားလုံးကို တိုက်တွန်းလိုတာ ကတော့ စာချုပ်တော့ချုပ်ပါတယ် မလိုက်နာလျှင် အစောကလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိုင်းမျိုးမြင့် ပြောသလိုပဲ ဆေးခါး တိုက်သလို ဆေးတစ်ခြား အနာတစ်ခြားဖြစ်နေမှာပဲဖြစ်ပါတယ်။ အားလုံးစာချုပ်တွေချုပ်ပြီး ငြိမ်းချမ်းစွာလိုက်နာခဲ့လို့ အနှစ် (၂၀) ကျော်လည်း ငြိမ်းချမ်းခဲ့ပြီးသည့်ကာလကို ဖြတ်ကျော်ခဲ့ပြီးပါပြီ။ ထို့အတူပဲ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးချုပ်ဆိုပြီးတော့ သေနတ်သံတစ်ချက်မှမကြားဘဲ ပြည်နယ်တိုးတက်မှုတွေဖွံ့ဖြိုး တိုးတက်မှုတွေလုပ်နိုင်သည့် ပြည်နယ်တွေလည်း တိုင်းရင်းသားညီနောင်များတွင်ရှိနေပါပြီ။

ရှမ်းပြည်နယ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၊ နိုင်ငံတော်မှတာဝန်ရှိသည့် လက်နက်ကိုင်အဖွဲ့အစည်း များ၊ အခြားအခြားသော ငြိမ်းချမ်းရေးဖော်ဆောင်ကြသည့် တိုင်းရင်းသား ကိုယ်စားလှယ်တော်ကြီးများကို ပြောချင်တာက ကျွန်တော်တို့လည်း ရင်နှင့်အမျှ ဒီခံစားချက်တွေ အပြည့်ရှိပါတယ်။ ထို့ကြောင့် စာချုပ်တွေချုပ်ပြီးလျှင် ဒီစာချုပ်တွေကို လေးလေးနက်နက် လိုက်နာလျှင် မကြာခင်မှာ အင်မတန်မှ အေးချမ်းသာယာသည့် ငယ်ငယ်တုန်းက ရှမ်းအိုးစည်သံတွေလွှမ်းနေသည့် ပအိုဝ်းအိုးစည်သံတွေလွှမ်းနေသည့် ရှမ်းပြည်နယ်ကြီးအဖြစ်ကို မလွဲမသွေရောက်မည် ဆိုတာကို အားလုံးယုံကြည်ပါတယ်။

ဒါကြောင့် ဦးစိုင်းထွန်းညက်၊ ဒေါ်နန်းစမ်းစမ်းအေး၊ ဦးအေးမောင်တို့ တင်ပြသည့်အဆိုကို လေးလေးနက်နက် ထောက်ခံ ဆွေးနွေးပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို အထူးကျေးဇူးတင်ပါတယ်။

**ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ အဆို(၂)ရပ်နှင့်ပတ်သက်၍ တပေါင်းတည်း ဆွေးနွေးရှင်းလင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးမှ အဆို (၂)ခုနှင့် စပ်လျဉ်းပြီး တပေါင်းတည်း ဆွေးနွေးရှင်းလင်းပေးဖို့အတွက်ဖြစ်ပါတယ်။

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမိုးအောင်။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာ ရွှင်လန်းကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်နှင့် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်တို့ တင်သွင်းလာသည့် အရေးကြီးအဆိုများကို ကျွန်တော် ဗိုလ်မှူးကြီး စိုးမိုးအောင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးမှ ပြန်လည်ရှင်းလင်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ပထမဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ချမှတ်ထားသော ငြိမ်းချမ်းရေးနှင့်ပတ်သက်သော မူဝါဒ (၆) ရပ်ကို ဦးစွာ တင်ပြသွားမှာဖြစ်ပါတယ်-

(က) ထာဝရ ငြိမ်းချမ်းရေး ရယူရန် အမှန်တကယ် ဆန္ဒရှိရန်။
(ခ) သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။
(ဂ) ငြိမ်းချမ်းရေးသဘောတူညီချက်အပေါ် အမြတ်မထုတ်ရန်။
(ဃ) ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။
(င) နိုင်ငံတော်က ထုတ်ပြန်ထားသော တည်ဆဲဥပဒေများကို တိတိကျကျလိုက်နာရန်။
(စ) ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ်သာရ ကို လက်ခံပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းမှုတွင် လိုက်ပါဆောင်ရွက်ရန် စသဖြင့် ချမှတ်ထားပြီး ဖြစ်ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် မှလည်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံသည့်အချိန်တွင် တပ်မတော်အနေဖြင့် အမျိုးသားစည်းလုံးရေးနှင့် ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ ဦးဆောင်မှု အောက်မှာ တပ်မတော်၏ ငြိမ်းချမ်းရေး မူဝါဒ (၆)ရပ်နှင့်အညီ NCA လက်မှတ်ရေးထိုးနိုင်သည်အထိကို အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ ပြည်သူနှင့်ပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ လ ၁၅ ရက်နေ့မှာ NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အဆင့်ထိ အတော်အသင့်အောင်မြင် ခဲ့ပြီးဖြစ်ပါကြောင်းပြောကြားခဲ့ပါတယ်။ ၎င်းအပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်မှ သမ္မတကြီး ဦးထင်ကျော် ခေါင်းဆောင်သည့် အစိုးရသစ် လက်ထက်မှာလည်းပဲ သမ္မတကြီး၏ ဦးဆောင်မှု အောက်မှာပဲ ကျွန်တော်တို့ နိုင်ငံတော် အစိုးရ၊ တပ်မတော် ၊ လွှတ်တော်၊ ပြည်သူလူထု ပေါင်းစပ်ပြီးတော့မှ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အတိအလင်း ပြောကြားခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်း ဖြစ်ပွားနေသော တိုက်ပွဲများအနေ ဖြင့် တင်ပြရလျှင် RCSS နှင့် TNLA၊ တပ်မတော်နှင့် TNLA၊ တပ်မတော်နှင့် SSPP ၎င်းဒေသများတွင် ဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါတယ်။ RCSSနှင့် TNLA ဖြစ်ပွားရသည့် ကိစ္စကတော့ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေးတွင် တင်ပြဆွေးနွေးခဲ့သည့်အတိုင်း နယ်မြေလု၊ နယ်မြေအငြင်းပွားရာမှ ဖြစ်ပွားခဲ့ရခြင်း ဖြစ်ပါတယ်။ တပ်မတော်နှင့် SSPP ဖြစ်ပွားခဲ့ခြင်း တိုက်ပွဲစဉ်များမှာ SSPP ၏ မူလနဂိုသတ်မှတ်ထားသော နေရာများကို ကျော်လွန်လှုပ်ရှားလာသည့်အတွက် တပ်မတော်မှ နယ်မြေ ရှင်းလင်းစဉ်၊ တပ်မတော်အား ၎င်းတို့မှစတင်တိုက်ခိုက်ခဲ့ခြင်းကြောင့် တိုက်ပွဲများစတင်ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ TNLA နှင့် ပတ်သက်ပြီး အထူးပြောကြားလိုတာကတော့ ဖုန်ကြားရှင် ဦးဆောင်သည့် MNDAA အဖွဲ့သည် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ

အတွင်းမှာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အင်အားများ စုစည်းပြီး နယ်မြေသိမ်းစစ်ပွဲဆင်နွှဲခဲ့သည်မှာ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးအသိပဲဖြစ်ပါတယ်။ ၎င်းဖြစ်ရပ်ကို ကြည့်ပါက ဖုန်ကြားရှင်ဦးဆောင်သော MNDAA အဖွဲ့သည် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားသည်ဟုမမြင်ပဲ ပြည်ထောင်စုအစိုးရ၏ကွပ်ကဲမှုအောက်ရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းအဖွဲ့သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို နှောင့်ယှက်ခြင်းဖြစ်သည် ဟုယူဆလို့ရပါတယ်။ ဖုန်ကြားရှင်ဦးဆောင်သော MNDAA အဖွဲ့သည် နိုင်ငံတော်အစိုးရကို ထိပါးနှောင့်ယှက်တိုက်ခိုက်ခြင်း သာဖြစ်ပါတယ်။ ၎င်းဖုန်ကြားရှင် ဦးဆောင်သော MNDAA အဖွဲ့တွင် TNLA တပ်ဖွဲ့ဝင်များ ဝင်ရောက်ကူညီတိုက်ခိုက်ပေးကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိပြီးဖြစ်မည်ဟု ယူဆပါတယ်။ ဒါကြောင့် TNLA အဖွဲ့သည် ၎င်းကိစ္စအပေါ် အပြည့်အဝတာဝန်ရှိကြောင်းနှင့် TNLA အဖွဲ့အနေဖြင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီးမှသာလျှင် ငြိမ်းချမ်းရေးကို ဆောင်ရွက်ပြီး နိုင်ငံရေးနည်းဖြင့် အဖြေရှာဆွေးနွေးရမည် ဖြစ်ပါ တယ်။

ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်များ အနေဖြင့် တပ်မတော်မှ နယ်မြေရှင်းလင်းသည့် စစ်ကြောင်းများအား တိုက်ခိုက်ခြင်း၊ ကျေးရွာများတွင် ဆက်ကြေးကောက်ခြင်း၊ လူသစ် စုဆောင်းခြင်းများဆောင်ရွက်ကြသည့်အတွက် နယ်မြေခံလူထုမှာ မိမိတို့ရပ်ရွာများတွင်မနေရဲတော့ဘဲ မြို့ပေါ်ယာယီတိုက်ပွဲရှောင် စခန်းများတွင် လာရောက်ခိုလှုံခဲ့သည်မှာလည်း ကိုယ်စားလှယ်များ အားလုံးအသိဖြစ်ပါတယ်။ မိမိတို့ တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀ (င)နှင့် ပုဒ်မ ၃၄၁တို့နှင့်အညီ အဆိုပါတိုက်ပွဲနယ်မြေဒေသများကို နယ်မြေရှင်းလင်းပြီး တိုက်ပွဲရှောင် ပြည်သူများအား ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ယခုလို ပဋိပက္ခစစ်ပွဲများရပ်တန့်သွားစေရန်နှင့် ထာဝရငြိမ်းချမ်းရေးရနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ ၂၁ ရာစု ပင်လုံညီလာခံမကျင်းပနိုင်သေးခင် ကြားကာလအတွင်း လတ်တလောဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆောင်ရွက်ချက်များကို တင်ပြသွားလိုပါတယ်။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပဥ္စမအကြိမ်အစည်းအဝေးကို စတင်တက်ရောက်ခဲ့ပါတယ်။ ၎င်းနောက် ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနပြန်လည်ဖွဲ့စည်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေး ကော်မတီတွင် ဥက္ကဋ္ဌ အဖြစ် ဒေါက်တာ တင်မျိုးဝင်း ဦးဆောင်သည့် အဖွဲ့ဝင် (၁၆) ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ၂၁ ရာစု ပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၁)ကို ဥက္ကဋ္ဌအဖြစ် ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့် ပါဝင်သည့် အဖွဲ့ဝင် (၁၅) ဦးဖြင့်လည်းကောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံ အကြို ပြင်ဆင်ရေးဆပ် ကော်မတီ (၂)ကို ဥက္ကဋ္ဌအဖြစ် ဒေါက်တာတင်မျိုးဝင်းပါဝင်သည့် အဖွဲ့ဝင် (၉) ဦးဖြင့် လည်းကောင်း အသီးသီးဖွဲ့စည်းနိုင်ခဲ့ပါတယ်။ ဆပ်ကော်မတီ (၁)၏လုပ်ငန်း တာဝန်များမှာ NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားအဖွဲ့များဖြင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရန် ဖြစ်ပြီး ဆပ်ကော်မတီ(၁)၏ လုပ်ငန်းတာဝန်များကို အထူးအရေးပေးတင်ပြလိုပါတယ်။

ဆပ်ကော်မတီ (၂)၏လုပ်ငန်းတာဝန်များမှာ-

(က) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်လက်ညှိနှိုင်း အဖြေရှာရန် လိုအပ်သည့် နေရာများသို့ သွားရောက်တွေ့ဆုံရန်။

( ခ) ဆွေးနွေးညှိနှိုင်းမှုအပေါ် မူတည်၍ NCA စာချုပ် ကို လက်မှတ်ရေးထိုးကာ ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ ၂၁ ရာစု ပင်လုံတွင် ပါဝင်နိုင်ရေး အဖြေရှာဆောင်ရွက်ရန်။

( ဂ) လိုအပ်ပါက NCA စာချုပ်တွင် လက်မှတ်မရေးထိုး နိုင်သေးသော အဖွဲ့အစည်းများ ညီလာခံ တက်ရောက်နိုင်ရေးအတွက် လမ်းညွှန်ချက်နှင့် အညီဆောင်ရွက်ရန်။

(ဃ) ဆပ်ကော်မတီများ၏ လုပ်ဆောင်ချက်များကို ကော်မတီအစည်းအဝေးများတွင် တင်ပြ၍ လုပ်ငန်းလမ်းညွှန်ချက်ရယူရန်။

( င) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများ၏ လိုအပ်ချက်များ၊ အဆိုပြုချက်များ၊ ဆွေးနွေးချက်များစသည်ဖြင့် ကော်မတီမှ အဆင့်ဆင့်တင်ပြ၍ နိုင်ငံတော် အစိုးရနှင့် တပ်မတော်တို့၏ လုပ်ငန်းလမ်းညွှန်မှုအရ ဆက်လက်အကောင်အထည်ဖော်ရန်။

( စ) NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး၍ ပြင်ဆင်ပေးရန်။

(ဆ) NCA စာချုပ်လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများတွင် တွေ့ဆုံ ဆွေးနွေးရန် လိုအပ်ပါက လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်။

( ဇ) ဆပ်ကော်မတီအသုံးစရိတ်များအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ၂၁ ရာစု ပင်လုံအကြိုပြင်ဆင်ရေးကော်မတီထံ တင်ပြတောင်းခံ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်း မြင်သာမှုရှိစွာသုံးစွဲရန်။

( ဈ) လိုအပ်ချက်အပေါ် မူတည်၍ဆပ်ကော်မတီများ အား ကူညီရန်၊ ကော်မတီရုံးအဖွဲ့ကို ဝန်ထမ်း အင်အားတောင်းခံ၍လုပ်ငန်းများ ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် အစိုးရကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု ငြိမ်းချမ်း ရေးညီလာခံ ၂၁ ရာစု ပင်လုံညီလာခံကျင်းပရေးအတွက် ဆွေးနွေးကြသည့်အခါတွင် အောက်ပါ အစီအစဉ် များကိုလည်းချမှတ်ဆောင်ရွက်နိုင်ခဲ့ပါတယ်-

(က) ညီလာခံကျင်းပမည့်အချိန်ဇယား၊

( ခ) NCA မထိုးရသေးသည့် EAOs တို့ပါဝင်ရေး၊

( ဂ) ပင်လုံဆိုင်ရာဖွင့်ဆိုချက်များ (ပင်လုံစာချုပ်၊ ပင်လုံ ကတိကဝတ်၊ ပင်လုံစိတ်ဓါတ်)၊

(ဃ) NCA အပါအဝင် သဘောတူညီချက် အကောင် အထည်ဖော်ရေးကိစ္စရပ်များ၊

( င) ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် ပြည်တွင်းပြည်ပ ထောက်ပံ့ကူညီမှုများ၊

( စ) CSO Forum နှင့် နိုင်ငံရေးပါတီများပါဝင်ခွင့်၊

(ဆ) JICM, JMC, UPDJCနှင့် လုပ်ငန်းစဉ်များ တို့ဖြစ်ပါတယ်။

ရှမ်းပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲ စောင့်ကြည့်ရေးကော်မတီ JICM-S အား ၉-၁-၂၀၁၆ ရက်နေ့တွင် အဖွဲ့ဝင် (၁၄) ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အတွင်းရေးမှူးတို့အပြင် အဖွဲ့ဝင်များအဖြစ် ပြည်နယ် ရဲတပ်ဖွဲ့မှူး အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်ခဲ့ပါတယ်။ JMC-S ၏ အစည်းအဝေးကို ဖွဲ့စည်းသည့် အချိန်မှစ၍ ယနေ့အထိ ၃ ကြိမ်တိတိ ကျင်းပပြုလုပ်ခဲ့ပြီး အငြင်းပွားမှုများကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့ ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသော ပဋိပက္ခများနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်-

(က) ယခင်အစိုးရလက်ထက်တွင် ၄-၃-၂၀၁၆ ရက်နေ့က မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ ဟိုပန်ကျေးရွာအနီး TNLA နှင့် RCSS ထိတွေ့မှုကြောင့် တိုက်ပွဲ ရှောင်ပြည်သူ ၂၇၉ ဦးအတွက် ငွေသား ၁၀၆၉၄၀၀ ကျပ်ကိုလည်းကောင်း၊ ၄-၃-၂၀၁၆ ရက်နေ့မှ ၁၄-၃-၂၀၁၆ ရက်နေ့အတွင်း ကျောက်မဲခရိုင်၊ ကျောက်မဲမြို့နယ်ရှိ တိုက်ပွဲရှောင် ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆားနှင့် ပဲတို့ ထောက်ပံ့ပေးခဲ့ရာ ငွေသားတန်ဖိုး ၁၁၄၈၈၂၅၀ ကျပ်ကို လည်းကောင်း၊ ၁၆-၃-၂၀၁၆ ရက်နေ့မှာ ကျောက်မဲခရိုင်၊ ကျောက်မဲ မြို့နယ်၊ တော့ဆန်းကျေးရွာအုပ်စုတွင် တိုက်ပွဲကြောင့် သေဆုံးခဲ့သူ(၁၁)ဦးအတွက် တစ်ဦးလျှင် ငွေကျပ်(၂) သိန်းနှုန်းဖြင့်လည်းကောင်း၊ ဒဏ်ရရှိ သူများ (၁၅) ဦးအတွက် တစ်ဦးလျှင် (၅) သောင်း နှုန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ငွေကျပ် (၂၉၅၀၀၀၀)ကျပ်ကိုလည်းကောင်း အသီးသီး ထောက်ပံ့ပေးခဲ့ရာ စုစုပေါင်း တိုက်ပွဲရှောင် ဦးရေ (၂၇၉)ဦး၊ သေဆုံးသူ (၁၁) ဦးနှင့် ဒဏ်ရရှိသူ(၁၅) ဦးတို့အတွက် စုစုပေါင်း (၁၅၅၀၇၆၅၀) ကျပ်အား ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

( ခ) ယခုအစိုးရသစ်လက်ထက်တွင် ၆-၅-၂၀၁၆ ရက်နေ့ မှ ၉-၅-၂၀၁၆ ရက်နေ့အတွင်း ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းခရီးစဉ်၌ ကျောက်မဲခရိုင်အတွင်းရှိ စစ်ဘေးရှောင် ပြည်သူ များအတွက် ငွေကျပ် (၇၀၀၀၀၀၀/-)ကို လည်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးတကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နမ့်ခမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ပေးပို့ထားသော အရေးကြီးအဆိုနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အချင်းချင်း ဖြစ်ပွားသော တိုက်ပွဲများမှ အပြစ်မဲ့ပြည်သူများ အတိဒုက္ခရောက်ရခြင်း၊ ဘဝလုံခြုံမှုမရှိခြင်းဆိုသည့်အချက်များအတွက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင်လည်း ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ RCSS/ SSA အဖွဲ့များ၏ နယ်မြေကျော်လွန်မှုများကိုလည်း JMC-S အစည်းအဝေး ၃ ကြိမ်စလုံးတွင် ကန့်ကွက်သတိပေးထားရှိပြီး TNLA အဖွဲ့များကို ပဋိပက္ခဖြစ်နိုင်သော ဒေသများတွင်မရှိစေရေး အတွက် တပ်မတော်စစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့သည်မှာလည်း ယနေ့ထိပင်ဖြစ်ပါတယ်။ မြို့တွင်း များ၌ အဖျက်အမှောင့်လုပ်ငန်းများနှင့် တိုင်းရင်းသားအချင်းချင်း သွေးကွဲစေမည့် ဝါဒဖြန့်မှုများကို ကာကွယ်တားဆီးရန် အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တရားဥပဒေစိုးမိုးမှုရှိအောင် အစဉ်တစိုက် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ NCA စာချုပ်တွင် လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွက် အမြဲတမ်းလမ်းဖွင့်ထားပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးပန်းပွင့်သည် တုံးခု၍ တံချူနှင့် ခက်ခက်ခဲခဲဆွတ်ချူရန် မလိုဘဲ ၎င်းတို့၏ လက်တကမ်းတွင်သာ အဆင်သင့်ရှိနေသည့် အတွက် ထာဝရငြိမ်းချမ်းရေးယူရန် အမှန်တကယ်ဆန္ဒရှိရန်လိုပါတယ်။ တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါး ဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့အတွက် အစဉ်ဦးထိပ်ထားဆောင်ရွက်လျက်ရှိသောကြောင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးအတွက် အမျိုးသားတာဝန်တစ်ရပ်အဖြစ် တစိုက်မတ်မတ် မမှိတ်မသုန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လက်ရှိအစိုးရ ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် မီးရထားတစ်စီးဖြင့် ဥပမာပေး လိုပါတယ်။ ၎င်း ငြိမ်းချမ်းရေး ရထားကြီးပေါ်တွင် NCA လက်မှတ်ရေးထိုးပြီးသော အဖွဲ့များလိုက်ပါနိုင်သကဲ့သို့ NCA လက်မှတ်မထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလည်း ရထားကြီး အပေါ်မှာ လိုက်ပါစီးနင်းလေ့လာနိုင်ပါတယ်။ ငြိမ်းချမ်းရေးရထားကြီး၏ ဦးတည်ရာခိုင်မာမှုပန်းတိုင်သို့

သွားရောက်ရာ လမ်းကြောင်းတစ်လျှောက်တွင် ဖြတ်သန်းဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရထားပေါ်တွင် လိုက်ပါလာသည့် အဖွဲ့အစည်းများ အားလုံး လေ့လာနိုင်ပါတယ်။ သဘောတူညီပါက ရှေ့ရောက်မည့် ဘူတာတွင် ခရီးဆုံးအထိလက်မှတ်ဝယ်ယူ၍ ငြိမ်းချမ်းရေး ခရီးပန်းတိုင် အဆုံးသို့ ဆက်လက်လိုက်ပါစီးနင်းရန် လိုပါတယ်။ သဘောမတူသည့်အဖွဲ့သည် ၎င်းဘူတာတွင် ဆင်း၍ နေခဲ့ရမည်ဖြစ်ပါတယ်။ ဆင်းနေခဲ့သော အဖွဲ့မှာ နောက်ဆုံးတွင် အထီးကျန်စွာရပ်တည်ပြီး ငြိမ်းချမ်းရေးမလိုလားသောအဖွဲ့အစည်းအဖြစ် တိုင်းရင်းသား ပြည်သူများအားလုံးမှ ဝိုင်းဝန်းသတ်မှတ် ကြမည်မှာ မလွဲဧကန်ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်တစ်ခု တည်ဆောက်ရာမှာ State Building ပဲတည်ဆောက်တည်ဆောက် National Building ပဲတည်ဆောက်တည်ဆောက် အချိုးညီစွာ တည်ဆောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ထူးခြားတာ ကတော့ Peace Building ပါတည်ဆောက်နေရတာပဲဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် တိုင်းရင်းသား ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်၊ လွှတ်တော်အဆင့်ဆင့်စသည့် အဖွဲ့အစည်းကြီးများအားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်း ညီညွတ်ရန် အထူးလိုအပ်ပါတယ်။ အဆိုပါအဖွဲ့များအနက်မှ တစ်ဖွဲ့က ရန်သူဟုမြင်နေသောအဖွဲ့အစည်းအား အခြားအဖွဲ့များမှ မိတ်ဆွေဟု မြင်နေလျှင်လည်းကောင်း၊ ထိုကဲ့သို့ပင် တစ်ဖွဲ့မှ မိတ်ဆွေဟုမြင်နေသော အဖွဲ့အစည်းအား အခြားအဖွဲ့မှ ရန်သူဟု မြင်နေလျှင်လည်းကောင်း ညီညွတ်မှုမရှိသဖြင့် တိုင်းပြည်အား တည်ဆောက်ရန် အခက်အခဲများရှိလာနိုင်ပါတယ်။ နိုင်ငံတော်၏ ပြည်တွင်းရန်နှင့် ပြည်ပရန်ကို စုပေါင်းကာကွယ်နိုင်ရန်အတွက် တစ်စိတ်တည်း တစ်သဘောတည်းဖြစ်ရန် အထူးလိုအပ်လာပါတယ်။ သို့မှသာ နိုင်ငံတော်တည်ဆောက်ရာ၌လည်းကောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်း စဉ်များကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ တိုင်းရင်းသားပြည်သူလူထုများ၏ ဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် လည်းကောင်း အောင်မြင်စွာ ညီညွတ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရအနေဖြင့် ရှမ်းပြည်နယ်အတွင်းဖြစ်ပွားနေသော ပဋိပက္ခများအား အမြန်ဆုံး ငြိမ်းချမ်းပြေလည်စေသည့် ဆန္ဒအပြည့်အဝရှိပါတယ်။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပြည်နယ်အနေဖြင့် တစ်ဖက်တစ်လမ်းမှ အပြည့်အဝ ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်း မူလအခြေအနေရောက်ရှိ တည်ငြိမ်နိုင်ရေး အတွက် ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည့်ဝစွာပူးပေါင်း ကူညီဆောင်ရွက်ပေးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံပြည်သူများအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော် ကိုယ်စားလှယ် ၃ ဦးဖြစ်သော ကျောက်မဲမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းညဏ်၊ သီပေါမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေးနှင့် နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်တို့ တင်သွင်းသည့် အဆိုများကိုကြည့်ခြင်းအားဖြင့် တာဝန်ကျေရုံ၊ အလုပ်ဖြစ်ရုံ၊ အဆိုတစ်ခုအနေဖြင့်သာ တင်သွင်းခြင်းမဟုတ်ဘဲ ၎င်းတို့ကိုယ်တိုင်ခံစားချက်များနှင့် ဒေသခံပြည်သူ လူထုများအတွက် ကိုယ်စားတင်ပြထားကြောင်း ယုံကြည်ပါတယ်။ အဆို ၃ ခုလုံးနှင့်ပတ်သက်၍ အနှစ်ချုပ်သည် တိုက်ပွဲများ ရပ်တန့်၍ ပဋိပက္ခများမဖြစ်ပွားစေရန် အတွက် ငြိမ်းချမ်းရေးကို ဦးတည်သည့်အဆိုများဖြစ်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။

ကျွန်တော်ဖြေကြားသည့်အကြောင်းအရာများမှာလည်း ဦးစိုင်းထွန်းညဏ် တင်သွင်းသည့်အဆိုအတွက် နိုင်ငံတော်အစိုးရ၏ သဘောထား၊ တပ်မတော်၏သဘောထားနှင့် ၂၁ ရာစု ပင်လုံ ညီလာခံ အကြိုဆောင်ရွက်နေသည့် အခြေအနေများကိုခြုံငုံသုံးသပ် တင်ပြခြင်းဖြစ်ပါတယ်။ ဒေါ်နန်းစမ်းစမ်းအေး၏ အဆိုအတွက်မှု NCA စာချုပ်လက်မှတ်ရေးထိုးထားပြီး အဖွဲ့များ၏ ငြိမ်းချမ်းရေး တိုးတက်မှု အခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်

ရမည့် အခြေအနေများနှင့် ရလဒ်များကို တင်ပြဆွေးနွေးခဲ့ပါတယ်။ ဦးအေးမောင်၏ အဆိုနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပွားနေသောနယ်မြေတွင် JMC-S အဖွဲ့၏ဆောင်ရွက်ချက်များ၊ တပ်မတော်နယ်မြေရှင်းလင်းမှု ဆောင်ရွက်ချက်များနှင့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် စောင့်ထိန်း၍ ဆောင်ရွက်မှုများ တင်ပြခဲ့ပြီးဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးစိုင်းထွန်းညဏ်နှင့် ဦးအေးမောင်တို့၏ အရေးကြီးအဆိုများကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြောင်းလဲပေးနိုင်ပါရန် အကြံပြု တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအေးမောင်၏ အဆိုနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ်အဖွဲ့အစည်းဝင်က ၎င်း၏ အဆိုကိုမေးခွန်းအဖြစ် ပြောင်းသင့်ကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသွားပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅၊ နည်းဥပဒေခွဲ (စ)နှင့် (ဆ)အရ အဆို တင်သွင်းသော ကိုယ်စားလှယ်မှ နောက်တစ်ကြိမ် ပြန်လည် ဆွေးနွေးနိုင်ပါတယ်။

**ဦးအေးမောင်၊ နမ့်ခမ်းမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)။** အားလုံးမင်္ဂလာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းသော အဆိုသည် ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တင်ပြရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရမှ သော်လည်း ကောင်း၊ ပြည်နယ်အစိုးရမှသော်လည်းကောင်း၊ လုပ်သားပြည်သူများ၏ ဘဝလုံခြုံမှု အာမခံချက်ရှိအောင် ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ အဆိုအား အတည်ပြု ပေးနိုင်ရေး အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူပေးပါရန် တောင်းဆိုအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သက်ဆိုင်ရာ ပြည်နယ်အဖွဲ့အစည်းဝင်က ဦးအေးမောင်၏ အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲသင့်ကြောင်း ပြန်လည်ရှင်းလင်းသွားပါတယ်။ သို့သော် အဆိုတင်သွင်းသည့် ကိုယ်စားလှယ်က ၎င်း၏အဆိုကို အတည်ပြုပေးဖို့အတွက် လွှတ်တော်၏ ဆန္ဒကို ခံယူလိုပါကြောင်း တင်ပြလာပါသဖြင့် ယခုအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။

၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ (က)အရ အစည်းအဝေး သို့တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ယခု ဦးအေးမောင်တင်သွင်းသည့် အဆိုကို အတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်များက မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုရန်ဖြစ် ပါတယ်။ မတ်တပ်ရပ်ပြီး ဆန္ဒပြုသည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေသည် (၆၃) ဦး ဖြစ်ပါ တယ်။ ဒီကနေ့ စာရင်းအရ အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်သည် (၁၃၃) ဦးဖြစ်သည့်အတွက် ထိုင်နေသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ (၇၀)ဦး ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် မတ်တပ်ရပ်သည့် ဦးရေသည် (၆၃)ဦး ရှိပြီး ထိုင်နေသည့် ကိုယ်စားလှယ်ဦးရေသည် (၇၀) ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုအား အတည်ပြုရန် သဘောတူသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေသည် အစည်းအဝေးတက်ရောက်သည့် လွှတ်တော်ကိုယ်စားလှယ် ဦးရေ၏ ထက်ဝက်ထက် နည်းသည့်အတွက် အဆိုကို မေးခွန်းအဖြစ် ပြောင်းလဲကြောင်း ကြေညာပါတယ်။